# 2024 ခုနှစ်၊ ဇူလိုင်လ Vermont Flood Resources

## Vermont ပြည်နယ်၏ တုံ့ပြန်ချက်

- 2024 ခုနှစ်၊ ဇူလိုင်လ 10 - 11 ရက်နေ့များ၌ Vermont ပြည်နယ်ရှိ ခရိုင်များမှ ရပ်ရွာများစွာတွင် ရေကြီးမှုများ ကြုံခဲ့ရပါသည်။
- ဇူလိုင်လ 10 ရက်နေ့တွင် အစိုးရက လက်ရှိရေကြီးမှုအတွက် တုံ့ပြန်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ 2023 ခုနှစ် ရေကြီးမှု အရေးပေါ်အခြေအနေကို တိုးမြှင့်ထားပါသည်။
- State Emergency Operations Center (SEOC) သည် ပြည်နယ်တုံ့ပြန်ချက်နှင့် ညှိနှိုင်းဆောင်ရွက်နေပြီး လတ်တလော လိုအပ်ချက်များကိုဖြေရှင်းပေးရာတွင် မြူနီစပယ်နယ်များအား ကူညီပံ့ပိုးကာ ပြန်လည်နာလန်ထူရေးကို ရှေးရှုဆောင်ရွက်လျက်ရှိသည်။
- Vermont ပြည်နယ်သည် FEMA ထံမှ ထိခိုက်မှုဆန်းစစ်ချက်တစ်ရပ် တောင်းဆိုထားပြီး Public Assistance Disaster Declaration တွင် အကျုံးဝင်ခြင်းရှိမရှိ သိနိုင်ရန် စောင့်ဆိုင်းလျက်ရှိသည်။ ဆန်းစစ်ချက်များကို Addison, Orleans, Washington, Caledonia, Chittenden, Lamoille, Orange, နှင့် Essex ခရိုင်များတွင် ဆောင်ရွက်သွားပါမည်။
- ပြည်နယ်အနေဖြင့်လည်း FEMA ထံမှ ထိခိုက်မှုဆန်းစစ်ချက်တစ်ရပ် တောင်းဆိုထားပြီး Vermont ပြည်နယ် Individual Assistance Disaster Declaration တွင် အကျုံးဝင်ခြင်းရှိမရှိ သိနိုင်ရန် စောင့်ဆိုင်းလျက်ရှိပါသည်။ ဆန်းစစ်ချက်များကို Washington နှင့် Caledonia ခရိုင်များတွင် ဆောင်ရွက်သွားမည်ဖြစ်သည်။

## သင့်အိမ် သို့မဟုတ် လုပ်ငန်းတို့ ထိခိုက်ပျက်စီးခဲ့လျှင် သင်ဆောင်ရွက်ရန်မှာ

- **လတ်တလော လိုအပ်ချက်များနှင့် ဝန်ဆောင်မှုများအတွက် ချိတ်ဆက်ရန် -**
  - အရေးပေါ်ခိုလှုံရာများ၊ စားနပ်ရိက္ခာ သို့မဟုတ် အခြားကူညီပံ့ပိုးရေး ဝန်ဆောင်မှုများရရှိရန် 2-1-1 ကိုနှိပ်ပြီး 211 သို့ ခေါ်ဆိုပါ။
  - စိတ်ကျန်းမာရေး ကူညီပံ့ပိုးမှုလိုအပ်ပါက 9-8-8 ကိုနှိပ်ပြီး 988 သို့ ခေါ်ဆိုပါ။
  - အလုပ်လက်မဲ့ အကျိုးခံစားခွင့်များရရှိရန် Vermont Department of Labor Flood စာမျက်နှာသို့ သွားရောက်ပါ။ (ဘာသာစကားမျိုးစုံ)

- **ထိခိုက်မှုကို မှတ်တမ်းတင်ပါ -** ထိခိုက်မှုများကို မှတ်တမ်းတင်ခြင်းသည် အောက်ပါ အကြောင်းရင်းနှစ်ခုအတွက် အရေးကြီးပါသည် - 1) အာမခံလျော်ကြေး တောင်းဆိုချက်တစ်ခု သင်တင်သွင်းပါက အသုံးဝင်ပါမည်၊ 2) ပြည်နယ်အနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ ဖက်ဒရယ်ထောက်ကူရေး လျှောက်ထားရာတွင် အကူအညီဖြစ်ပါမည်။ အောက်ပါတို့သည် ဤလုပ်ငန်းစဉ်အတွင်း သင့်အားအကူအညီဖြစ်စေမည့် အကြံဉာဏ်အချို့ဖြစ်ပါသည် -
    - ရှင်းလင်းရေး **မစတင်မီ** ဓာတ်ပုံများ၊ ဗီဒီယိုများ ရိုက်ယူပါ၊ မှတ်စုများဖြင့် မှတ်တမ်းတင်ပါ။
    - ရှင်းလင်းရေး လုပ်နေစဉ် ဓာတ်ပုံများ၊ ဗီဒီယိုများ ရိုက်ယူပါ၊ မှတ်စုများဖြင့် မှတ်တမ်းတင်ပါ။
    - သန့်ရှင်းရေး ကုန်ကျစရိတ်များကို မျက်ခြေမပြတ် မှတ်တမ်းတင်ရန် လက်ခံဖြတ်ပိုင်းများ သိမ်းဆည်းထားပါ။
- **အိမ်ကို သန့်ရှင်းသွားအောင်၊ ခြောက်သွေ့အောင် လုပ်ပါ -**
    - စိုနေသည့် ပစ္စည်းအားလုံးကို သင့်အိမ်မှဖယ်ရှားပြီး ရေလွှမ်း၍တင်ကျန်သည့် ပစ္စည်းအစအနများကို ရှေ့ပါ
    - ပြတင်းပေါက်နှင့် တံခါးများ ဖွင့်ပါ။
    - သုံးလျှင်အန္တရာယ်မရှိပါက ပန်ကာနှင့် ရေငွေ့စုပ်စက်များသုံးပါ။
    - ရေလွှမ်း၍တင်ကျန်သည့် ပစ္စည်းအစအနများကို အများသုံးလမ်းအစွန်းအထိ ရွှေ့ပို့ပါ။ ၎င်းတို့ကို ဖယ်ရှားရန် ပြည်နယ်နှင့် ဒေသတွင်း ခေါင်းဆောင်များက လက်ရှိစီစဉ်ဆောင်ရွက်နေပါသည်။ အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများကို နောင်တွင်စွန့်ပစ်နိုင်ရန် စုစည်းထားပါ။
- **ထိခိုက်မှုအကြောင်း တင်ပြပါ -**
    - သင့်အာမခံကုမ္ပဏီသို့ ဆက်သွယ်ပါ။
    - အာမခံလျော်ကြေး တောင်းခံမည်မဟုတ်သည့်တိုင် ထိခိုက်မှုမှန်သမျှကို Vermont 211 သို့ တင်ပြပေးပါ။ www.vermont211.org သို့ဝင်ရောက်ပြီးလည်း အွန်လိုင်းမှ အစီရင်ခံနိုင်ပါသည်။ ပျက်စီးမှုတင်ပြရန် စာမျက်နှာထိပ်ဆုံးရှိ "နေအိမ်အတွက်ဖောင်ပုံစံ" သို့မဟုတ် "လုပ်ငန်းအတွက်ဖောင်ပုံစံ" ကိုသုံးပါ။ 2-1-1 သို့ ဖုန်းခေါ်ဆို၍လည်း ထိခိုက်မှုအကြောင်း တင်ပြနိုင်ပါသည်။
    - ထိခိုက်မှု အနည်းအကျဉ်းသာ ဖြစ်စေကာမူ 211 သို့ တင်ပြပေးပါ။ ဖက်ဒရယ်ရန်ပုံငွေဖြင့် လူတစ်ဦးစီထောက်ကူရေးတွင် အကျုံးဝင်ရန်အတွက် ထိခိုက်မှု အတိုင်းအတာတစ်ခုကို ကျော်လွန်ရမည် ဖြစ်သောကြောင့် တတ်နိုင်သမျှ အချက်အလက်များအား စုဆောင်းထားရန် အထူးအရေးကြီးပါသည်။

- **ရှင်းလင်းရေးလုပ်ရန် အကူအညီလိုအပ်ပါသလား။** Vermont ပြည်နယ်သားများအနေဖြင့် ပစ္စည်းအစအနများကို ရှင်းလင်းရန်၊ မြေအောက်ခန်းများ ရှင်းလင်းရန် သို့မဟုတ် အခြားပြန်လည်နာလန်ထူရေး လုပ်ငန်းများအတွက် စေတနာ့ဝန်ထမ်း အထောက်အကူနှင့် အကူအညီများ တောင်းခံရန် ပြည်နယ်၏ Crisis Cleanup Hotline သို့ ခေါ်ဆိုနိုင်သည်။ 802-242-2054 ဖြင့် Crisis Cleanup Hotline သို့ ခေါ်ဆိုပါ။
- **ပစ္စည်းအစအနများ ရှင်းလင်းခြင်း -** ရှင်းလင်းရေးလုပ်ရာတွင် ပစ္စည်းအစအနများကို ခွဲခြားပြီး မြို့နယ်မှ စွန့်ပစ်ဖျက်ဆီးနိုင်ရန် အများသုံးလမ်းအစွန်းတွင် ပုံထားပါ။ အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများကို နောင်တွင်စွန့်ပစ်နိုင်ရန် စုစည်းထားပါ။ ရေလွှမ်းပြီး ရှင်းလင်းရေးလုပ်ရန် လမ်းညွှန်ချက်များအတွက် Agency of Natural Resources' Flood စာမျက်နှာသို့ ဝင်ရောက်ကြည့်ရှုပါ။
- **လယ်ယာများအတွက် -** လယ်သမားများအတွက် ထပ်ဆောင်းလမ်းညွှန်ချက် များကို Agency of Agriculture's Flood စာမျက်နှာတွင် ကြည့်ရှုပါ။
- **ဘေးကင်းအောင်နေပါ -** အိမ်ပြန်ရန်၊ ရှင်းလင်းရေးလုပ်ရန်နှင့် ရေလွှမ်းမိုးပြီးနောက် အထွေထွေ ဘေးကင်းရေးအကြံဉာဏ်များရရှိရန် ဘေးကင်းရေး လမ်းညွှန်ချက်များကို လိုက်နာပါ။ ရင်းမြစ်များကို အောက်တွင် ဖော်ပြထားပါသည်။

## မြို့နယ်နှင့် မြူနီစပယ်ခေါင်းဆောင်များ လုပ်သင့်သည်များမှာ

အများသုံး အခြေခံအဆောက်အဦးများကို ဆက်လက်၍ပြင်ဆင်ပါ၊ ကုန်ကျစရိတ်များကို ဆက်လက်၍ အနီးကပ် မှတ်တမ်းတင်ထားပါ၊ လုပ်ငန်းပြီးမြောက်မှုကို ဓာတ်ပုံရိုက် မှတ်တမ်းတင်ထားပါ။ ဖက်ဒရယ်အစိုးရက ဘေးဒုက္ခဆိုင်ရာ ကြေညာချက်တစ်ရပ်ကို အတည်ပြုပါက သင့်အတွက် တုံ့ပြန်ရေးနှင့် ပြန်လည်နာလန်ထူရေး စရိတ်များ ပြန်အမ်းပေးပါမည်။

ထပ်ဆောင်းအချက်အလက်များ ရရှိရန် Vermont Emergency Management's 2024 Flood Recovery စာမျက်နှာသို့ ဝင်ရောက်ကြည့်ရှုပါ။

## လမ်းပိတ်ဆို့မှုဆိုင်ရာ အချက်အလက်များ

- ပြည်နယ်တွင်းနှင့် ပြည်နယ်များကြား အဝေးပြေးလမ်းများ ပိတ်ဆို့မှုများနှင့် ပတ်သက်၍ လတ်တလောအခြေအနေများအတွက် အကောင်းဆုံးရင်းမြစ်မှာ New England 511 website ဖြစ်ပါသည်။ Agency of Transportation က ဤဝက်ဘ်ဆိုက်ကို အချိန်နှင့်တပြေးညီ မွမ်းမံပြင်ဆင်ထားပါသည်။

- ဒေသတွင်း လမ်းပိတ်ဆို့မှုဆိုင်ရာ အချက်အလက်များရရှိရန် Waze အက်ပ်ကို အသုံးပြုပါ။

## ရေကြီးပြီးနောက် ဘေးကင်းရေး လမ်းညွှန်ချက်

- Department of Health - ရေကြီးပြီးနောက် သင့်အိမ်၊ သင့်လုပ်ငန်းသို့ ဘေးကင်းစွာပြန်သွားနည်း၊ သင့်ရေကို စစ်ဆေးနည်းနှင့် ရှင်းလင်းရေးလုပ်နည်းတို့ကို လေ့လာလိုက်ပါ။
- Agency of Natural Resources - ပစ္စည်းများ ရှင်းလင်းခြင်းနှင့် စွန့်ပစ်ခြင်း၊ သန့်ရှင်းသည့်သောက်ရေ သေချာရယူခြင်း၊ အပန်းဖြေခြင်းနှင့် အခြားကိစ္စများစွာတို့ကို ဘေးကင်းစွာ လုပ်ဆောင်ပုံအကြောင်း လေ့လာလိုက်ပါ။
- Agency of Agriculture - နို့စားနွားလုပ်ငန်း၊ အသားနှင့် ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ၊ အသီးအပင် စိုက်ပျိုးသူများ၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးသူများနှင့် အခြားအရာများအပါအဝင် သင့်စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဘေးကင်းရေး လမ်းညွှန်ချက်များကို လေ့လာလိုက်ပါ။

## မည်သို့ကူညီနိုင်မည်နည်း

- ရေကြီးပြီးနောက် ရှင်းလင်းရေးလုပ်ရာတွင် စေတနာ့ဝန်ထမ်းကူညီရန် www.vermont.gov/volunteer သို့ ဝင်ရောက်ပါ။
- ရေကြီးမှုကြောင့် ထိခိုက်သူများကို အကူအညီပေးရန် Vermont Community Foundation’s Vermont Flood Response and Recovery Fund သို့ လှူဒါန်းနိုင်ပါသည်။
- ပစ္စည်းအမြောက်အများ လှူဒါန်းလိုသည့် ကုမ္ပဏီနှင့် အဖွဲ့အစည်းများအနေဖြင့် 888-653-7715 သို့ ဖုန်းခေါ်ဆိုလိုက်ပါ၊ သို့မဟုတ် donations@vermont.gov သို့ အီးမေးလ်ပို့ပါ။
- ရပ်ရွာအများအပြားတွင် ဒေသခံ စေတနာ့ဝန်ထမ်းလုပ်ငန်းများ ရှိကြ၍ သင့်မြို့ သို့မဟုတ် မြို့နယ် ဝက်ဘ်ဆိုက်များနှင့် ဒေသခံ လူမှုမီဒီယာ အုပ်စုများသို့ ဆက်သွယ်ပြီး နောက်ထပ်အခွင့်အလမ်းများ ရှာနိုင်ပါသည်။

## အလျင်အမြန် ချိတ်ဆက်ရန် လင့်ခ်များ

Translated Flood Resources - vem.vermont.gov/flood/translation

Vermont Emergency Management – vem.vermont.gov/flood

Vermont Department of Health - healthvermont.gov/flood

Agency of Natural Resources - anr.vermont.gov/flood

Agency of Commerce and Community Development - accd.vermont.gov/flood

Vermont Department of Labor - labor.vermont.gov/flood-safety-resources

Agency of Agriculture - agriculture.vermont.gov/flood

Department of Mental Health - mentalhealth.vermont.gov/flood

Volunteer for Storm Recovery - vermont.gov/volunteer